# ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူပွဲတော်

ရှင်ယောဟန် ၁၆း၁၂-၁၅

ဘုရားတစ်ဆူမှာ ပုဂ္ဂိုလ်သုံးပါးရှိတယ်ဆိုတာ အားလုံးအတွက် အခြေခံကျပါတယ်။ လူတွေကိုလည်း ကြည့်ပါလား၊ တစ်ယောက်တည်း နေဖို့ မဖြစ်နိုင်ဘူး။ ဘယ်သူနဲ့မှလည်း စကားမပြောရ၊ ပေါင်းသင်းဆက်ဆံရေးလည်း မလုပ်ရဆိုရင်တော့ သေရုံရှိတော့မှာပေါ့။ ဘုရားသခင်ရဲ့သဘောတရားမှာလည်း ချစ်ခြင်းမေတ္တာအသိုင်းအဝိုင်းဆိုတဲ့ အခြေခံသဘောတရားရှိတယ်။ တစ်ယောက်တည်းနေရတဲ့အဖြစ်အခြေအနေဆိုရင် ဘယ်လိုလုပ် ချစ်ရမှာလဲ၊ ဘယ်သူ့ကို ချစ်ရမှာလဲ၊ တစ်ယောက်တည်းရှိနေတာ ဘယ်သူက ဘယ်သူ့ကို ချစ်နိုင်တော့မှာလဲ။ ချစ်နိုင်ဖို့ဆိုတာ အနည်းဆုံး နှစ်ယောက်၊ သုံးယောက်တော့ ရှိရဖြစ်မှာပေါ့။

ဒါကြောင့် ဘုရားရဲ့သဘောတရားမှာလည်း တစ်ကိုယ်ရေတစ်ကာယ မဟုတ်ပဲ ပုဂ္ဂိုလ်သုံးပါး ရှိတယ်ဆိုတာ အဓိပ္ပါယ်ရှိပါတယ်။ ဒါကြောင့် ကမ္ဘာဦးကျမ်းမှာ ဘုရားက လူကို ဖန်ဆင်းတဲ့အခါ "ငါတို့နှင့်တူသော လူကို ဖန်ဆင်းကြစို့" လို့ ကျမ်းစာထဲမှာ ရေးထားပါတယ်။ သေချာဖတ်ကြည့်ပါ၊ "ငါနဲ့တူသော" လို့ ရေးမထားပဲ "ငါတို့နှင့်တူသော" လို့ အများစကားလုံး သုံးနှုန်းထားတာကြောင့် သုံးပါးရှိတာကို ဖော်ပြနေပါတယ်။ နောက်ပြီး (ယောဟန် ၁၄း၂၃)မှာ ယေရှုက အကြင်သူသည် ငါ့ကိုချစ်လျှင် ငါ၏စကားကို လိုက်နာစောင့်ထိန်းမည်။ ငါ၏ခမည်းတော်သည်လည်း သူ့ကို ချစ်တော်မူလိမ့်မည်။ ထိုအခါ ငါတို့သည် သူ့ထံသို့ လာကြ၍ သူနှင့်အတူ ကိန်းဝပ်တော်မူမည်" ဒီနေရာမှာလည်း "ငါသည်" လို့ မသုံးပဲ "ငါတို့သည်" လို့ အများစကားလုံးကို သုံးနှုန်းထားပြန်တယ်။

သားတော် သခင်ယေရှု ဆေးကြောခြင်း ခံတုံးကလည်း ပုဂ္ဂိုလ်သုံးပါးစလုံး ပါဝင်နေတာကို တွေ့မြင် ကြားသိရပါတယ်။ သားတော်ဘုရားယေရှုက ဆေးကြောခြင်း ခံပြီးတက်အလာ ကောင်းကင်မှ ခမည်းတော်ဘုရားက "ဤသူသည် ငါချစ်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" လို့ အသံကြားရပါတယ်။ နောက်ပြီး ဂျိုးငှက်သဏ္ဌာန်နဲ့ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းသက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် ပုဂ္ဂိုလ်သုံးပါးတည်ရှိပေမဲ့ ဘုရားတစ်ဆူတည်းမှာ ပေါင်းစပ်နေကြပါတယ်။ ခမည်းတော်ဘုရားဆိုတာ သားတော်ဘုရား မဟုတ်သလို၊ သားတော်ဘုရားဆိုတာကလည်း သန့်ရှင်းသောဝိညာဉ်တော်ဘုရားလည်း မဟုတ်ပါဘူး။

ပုဂ္ဂိုလ်သုံးပါးရဲ့ပေါင်းစပ်နေပုံက ကျနော်တို့ လူ့အသိုင်းအဝိုင်းအတွက် အတုယူရမည့် ပေါင်းစပ်နည်းပါပဲ။ ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ပေါင်းစပ်နေရာမှာ တစ်ပါးနဲ့တစ်ပါးဟာ မဆန့်ကျင်နေကြပါဘူး။ အားလုံးဟာ တစ်စိတ်၊ တစ်သဘောတည်း၊ တစ်ဉာဏ်တည်း အတူရှိကြပါတယ်။ ဒါကြောင့် သားတော်ယေရှု မိန့်တော်မူတာက "ငါသည် ငါ့အလိုအလျောက် ဟောပြောသည်မဟုတ်၊ ခမည်းတော်ထံမှ ကြားရသမျှကို ငါဟောပြော၏" တဲ့။ ခမည်းတော်ဘုရားနဲ့ မကွဲလွဲဘူးလို့ ပြောခြင်းဖြစ်ပါတယ်။ ဒီအတိုင်းပဲ သန့်ရှင်းသောဝိညာဉ်တော်ကလည်း သားတော်ယေရှု ဟောပြောခဲ့သမျှကို ပြန်လည်သတိယစေမယ်၊ နားလည်စေမယ် လို့ ကျမ်းစာထဲမှာ သားတော်ယေရှုက မိန့်တော်မူထားပါတယ်။

ဒါကြောင့် ရဟန္တာ ဒုတိယမြောက် ယောဟန်ပေါလူးက "လူ့အသိုင်းအဝိုင်းတွေ ရှေ့သို့တိုးတက်ဖွံ့ဖြိုးလာစေဖို့ ပုဂ္ဂိုလ်သုံးပါးတို့ ပေါင်းစပ်ကြသလို ကျနော်တို့ အသိုင်းအဝိုင်းတွေလည်း ပေါင်းစပ်ကြရမယ်" တဲ့။ ရဟန်းရှင်လူ မိသားစု အကုန်လုံးဟာ ပုဂ္ဂိုလ်သုံးပါး ပေါင်းစပ်တဲ့ဝိညာဉ်ရေးအတိုင်း ရှိကြရမယ်။ ဘုရားအဖြစ်တော်တစ်ခုတည်းမှာ ပုဂ္ဂိုလ်သုံးပါးဟာ ဘယ်လိုပေါင်းစပ်နေကြပါသလဲ။

ပုဂ္ဂိုလ်သုံးပါးဟာ စိတ်သဘောထားကွဲလွဲနေတာမရှိ၊ တစ်ပါးနဲ့တစ်ပါး စိတ်ဆန္ဒ မတူတာမရှိ၊ အသိဉာဏ် ကွာခြားတာလည်း မရှိပါဘူး။ အကယ်၍ ပုဂ္ဂိုလ်သုံးပါးဟာ စိတ်သဘောထားကွဲလွဲနေမယ်၊ အသိဉာဏ်ကလည်း တစ်ပါးနဲ့တစ်ပါး မတူကြဘူးဆိုရင် ဘုရားသုံးဆူလို့ပဲ ခေါ်ရတော့မှာပေါ့။ ကျနော်တို့ လူတွေကျ တစ်ပုဂ္ဂိုလ်နဲ့တစ်ပုဂ္ဂိုလ် အသိဉာဏ်လည်း မတူညီကြ၊ စိတ်ဆန္ဒလည်း မတူညီကြပါဘူး။

ပုဂ္ဂိုလ်သုံးပါးဟာ အဲဒီလို ကွာခြားမှုမရှိပေမဲ့ တစ်ဆူတည်းသောဘုရားအဖြစ်တော်ထဲမှာ ပါဝင်ပုံပါဝင်နည်း/လုပ်ဆောင်ပုံလုပ်ဆောင်နည်းကသာ ကွာခြားပါတယ်။ ခမည်းတော်ဘုရားက အရာအားလုံးကို ဖန်ဆင်းတယ်။ သားတော်ဘုရားက လူတွေကို ဘုရားအကြောင်း/တရားအကြောင်းသိအောင် ဟောပြောတယ်၊ ဒါကြောင့် သားတော်ယေဇူးကို "နှုတ်တော်ထွက်စကား" လို့ ခေါ်ကြတယ်။ သားတော် ဟောပြောခဲ့တဲ့တရားတွေကို လူတွေ သဘောပေါက်နားလည်စေပြီး သန့်ရှင်းတဲ့လူတွေဖြစ်ဖို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားက လှုံ့ဆော်ပေးတော်မူပါတယ်။

အဲဒီလို လုပ်ဆောင်ချက်မတူပေမဲ့ တစ်စိတ်၊တစ်သဘောထားတည်း ညီညီညွတ်ညွတ်ရှိကြတဲ့ ပုဂ္ဂိုလ်သုံးသုံးပါးအဖွဲ့အစည်းလို ကျနော်တို့ လူ့အသိုင်းအဝိုင်းမှာ ညီညွတ်ဖို့ တစ်စိတ်တစ်သဘောတည်းရှိဖို့ လိုအပ်တယ်လို့ ရဟန္တာ ဒုတိယမြောက်ယောဟန်ပေါလူးက မိန့်ကြားခဲ့ပါတယ်။ ကျနော်တို့ အသိုင်းအဝိုင်းမှာ ရှိကြတဲ့လူတွေက မတူကွဲပြားတဲ့အရည်အချင်းတွေ ရှိကြတယ်။ အဲဒီအရည်အချင်းတွေအားလုံးက တစ်စုတည်းဖြစ်နေရမည့်လူ့အသိုင်းအဝိုင်းကို အကျိုးပြုရမယ်။ တစ်စိတ်တစ်သဘောတည်းရှိတဲ့ အသိုင်းအဝိုင်းဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက်ဟာ ညီအစ်ကိုမောင်နှမရင်းတွေလို ကိုယ်ချင်းစာနာစိတ်၊ ချစ်တဲ့စိတ် ရှိရပါမယ်။ "သူလည်း ငါ့လိုပဲ ချစ်သူခင်သူ ရှိချင်မှာပဲ၊ သူလည်းငါ့လိုဘဲ ဗိုက်ဆာနေမှာပဲ၊ သူလည်း ငါ့လိုပဲ ဒုက္ခကင်းချင်မှာပဲ။ သူလည်း ငါ့လိုပဲ ထိခိုက်နစ်နာမှာမျိုး ဖြစ်ချင်မှာမဟုတ်ဘူးလေ" လို့ စဉ်းစားပေးတတ်ရပါမယ်။ တစ်ယောက်နဲ့ တစ်ယောက်ဟာ သူ့အားသာချက်ကိုသာ မြင်တတ်ကြပြီး အားနည်းချက်ရှိတာတွေကို နားလည်ပေးတတ်ကြရမယ်။

ရဟန္တာ ဒုတိယမြောက်ယောဟန်ပေါလူး ဆက်ပြီး မိန့်တော်မူတာက "လူ့အသိုင်းအဝိုင်းဟာ ပုဂ္ဂိုလ်သုံးပါးလို မပေါင်းစပ်ကြရင်တော့ မျက်နှာဖုံးစွပ်ထားတဲ့ လူ့အသိုင်းအဝိုင်း၊ စိတ်နှလုံးသားမပါတဲ့ စက်ရုပ်အသိုင်းအဝိုင်းလို "ဘယ်သူသေသေ ငတေမာရင် ပြီးရော" ဆိုသလို ဖြစ်နေပါလိမ့်မယ်။ AI တွေလို ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် ပုဂ္ဂိုလ်သုံးပါးဟာ ဘုရားတစ်ဆူအဖြစ် ချစ်ခြင်းမေတ္တာနဲ့ ပေါင်းစပ်နေသလို ကျနော်တို့ လူ့အသိုင်းအဝိုင်းတွေလည်း

ဘုရားရဲ့မိသားစုကြီးအဖြစ် ပေါင်းစပ်နိုင်ဖို့ ကျိုးစားကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။